
## ၁၀။ ဟာဝိုင်ရီပန်းပွင့်လှေးပိုး /သရစ်ပိုး

**Hawaiian flower thrips : *Thrips hawaiiensis* (Morgan, 1913)**

**Thysanoptera : Thripidae**


### ဖျက်ကောင်ပုံသဏ္ဍာန်များ



အမလှေးပိုးအကောင်ကြီးသည် (၁-၂) မီလီမီတာခန့်ရှည်ပြီး ခန္ဓာကိုယ်တစ်ခုလုံး၏ အရောင်သည် အညိုရောင် (သို့မဟုတ်) လိမ္မော်ဝါ နှင့် အညိုရောင် နှစ်ရောင်စပ် ဖြစ်သည်။ နှစ်ရောင်စပ်ရာတွင် ဦးခေါင်းပိုင်း နှင့် ရင်အုပ်ပိုင်းသည် လိမ္မော်ဝါရောင်ရှိပြီး ဝမ်းဗိုက် ပိုင်းသည် အညိုရောင်ရှိသည်။ ရှေ့အတောင် များနှင့် ခန္ဓာကိုယ် အမွှေးများမှာ အညိုရောင်ရှိသည်။ အထီးသည် အမထက် အရွယ်အစား ပို၍သေးငယ်ပြီး အရောင်ဖျော့သည်။ အကောင်ငယ်များသည် အဝါရောင်ရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ





အသီးနုများ၏ အခြေ၊ အပြင်မျက်နှာပြင်တွင် လှေးပိုးစုပ်ယူ စားသောက် ဖျက်ဆီး ခြင်းကြောင့် အမာရွက်များဖြစ်ပေါ်ကာ နောက်ဆုံး ကျွတ်ဆတ်သော အကြေးဖတ်များ ဖြစ်ပေါ်စေသည်။ ဥ အုထားသော နေရာများတွင် သေးငယ်သောဆား ဝက်ခြံများကဲ့သို့ လက်ဖြင့် ထိတွေ့ခံစားနိုင်ပြီး အသီးရင့်မှည့်သည်နှင့် ထိုဒဏ်ရာများ ပြယ်လွင့် ပျောက် ကွယ်သွားသည်။ အသီးများတွင် ပန်းပွင့်ထဲရှိ ဝတ်ဆံဖိုများ၏ အခြေနှင့် ကြီးထွားဆဲ ဝတ်ဆံများပေါ်တွင် လှေးပိုး စားသောက်မှုကြောင့် ပျက်ဆီး စေပြီး ပန်းများကြွေစေကာ အသီးဖြစ်ပေါ်မှု ဆုံးရှုံး စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၂-၇)ရက် |
| ပိုးမမည် အဆင့် | - (၈-၁၀) ရက် |
| ရုပ်ဖုံး အဆင့် | - (၂-၃) ရက် |
| အကောင်ကြီး အဆင့် | - (၈-၃၈) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို စိုက်ပါ။

(၂) ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။

(၃)လေဝင်လေထွက်ကောင်းစေရန်နှင့် အလင်းရောင်ကောင်းစွာ ရရှိစေခြင်းဖြင့် ပိုးကျရောက် မှုနည်းစေရန် ကိုင်းကျပ်၊ ကိုင်းညှပ်များ ခုတ်ထွင် ရှင်းလင်းပါ။

(၄)လှေး/သရစ်ပိုးကျရောက်မှုကို အပြာရောင်ပိုးဖမ်းထောင်ချောက်တင်ဆင်၍ ဖမ်းယူ နှိမ်နင်းပါ။

(၅)အပွင့်၊ အရွက်များကို စက္ကူအဖြူရောင်ပေါ်တွင် လှုပ်ခါ၍လည်းကောင်း၊ ပိုး ကျ ရောက်မှု ကို စဉ်ဆက်မပြတ် ကင်းထောက်ပါ။

(၆) ပင်စိမ်းပင်များကို စိုက်ခင်းပတ်လည်တွင် စိုက်ပေးပါ။

(၇)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်သင့်ပါ။

(၈)လှေးပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၉)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ်ဒ် (Imidacloprid 600FS /Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၁၀)ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း စာတွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- ကလိုဖန်နာပြာ (Chlorfenapyr)
- စပီရိုတတ်ထရာမက် (Spirotetramat)